## မူရင်းစာရေးသူ ဂျိုရှင်းယောင်း၏ အမှာစာ

### 'နှလုံးသားဖြင့် နားဆင်ပါ'
### မြန်မာဘာသာပြန် ထုတ်ဝေမှုကို ဂုဏ်ပြုလျက်

စန္ဒရားတီးရာတွင် ပါရမီထူးချွန်သည့် စကော့တလန်ကောင်မလေး တစ်ယောက်ရှိသည်။ ပါးချိတ်ရောင်ရောဂါ နောက်ဆက်တွဲဆိုးကျိုးကြောင့် အသက် (၈)နှစ်အရွယ်မှစတင်ပြီး အကြားအာရုံ စတင်ဆိုးရွားလာသည်။ အသက်(၁၂)နှစ်အရွယ်ရောက်သည့်အခါတွင် အကြားအာရုံမှာ အဆိုးဝါးဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ပြီး နားအကြားအာရုံ လုံးဝ ဆုံးရှုံးခဲ့ရသည်။ စန္ဒရားပညာရှင်ဖြစ်ရန် အိပ်မက်မက်ခဲ့သော်လည်း နားအကြားအာရုံ ဆုံးရှုံးသွားခဲ့ရသည့် ထိုကောင်မလေးသည် မည်သည့် ရွေးချယ်မှုမျိုးကို လုပ်ခဲ့မည်နည်း။

ကျောင်းသံစုံတီးဝိုင်းအဖွဲ့တွင် သူငယ်ချင်းဖြစ်သူ၏ Marimba တူရိယာဖျော်ဖြေနေပုံအပေါ် စီးမျောသွားသော ကောင်မလေးသည် သူငယ်ချင်းနှင့်အတူ ဂီတအဖွဲ့ထဲ အသင်းဝင်ခဲ့သည်။

"ဆရာ ဗုံတီးနေချိန်တစ်လျှောက်လုံး သမီး လေ့ကျင့်ခန်းနံရံပေါ် လက်နဲ့ ထိထားကြည့်ခဲ့တယ်။ အဲဒီအချိန် အသံအနိမ့်အမြင့်ကို သမီး ခွဲခြားနိုင်တယ်ဆိုတာကို သိခဲ့ရပါတယ်။ တချို့အသံက လက်ချောင်းကို အနည်းငယ်တုန်ယင်စေပြီး တချို့အသံက ခန္ဓာကိုယ်တစ်ခုလုံးဆီ ပျံ့နှံ့သွားတော့တယ်။ သမီးကိုယ်က လစ်ဟာနေတဲ့ အခန်းလွတ်လိုမျိုး ပုံတင်သံထွက်နေတာကို အဲဒီအချိန်မှာ အသေအချာ ခံစားမိလိုက်ရပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးက ရောမနားကြီးအဖြစ် စတင်ပြောင်းလဲသွားတဲ့ အချိန်အခိုက်အတန့်လေးပေါ့"

ကောင်မလေးသည် နားအစား ခန္ဓာကိုယ်ကိုသုံးပြီး အသံနားထောင်သော နည်းလမ်းကို စတင်လေ့ကျင့်ကြည့်ခဲ့သည်။

"နားနဲ့ပဲ နားထောင်နိုင်တယ်လို့ တွေးခဲ့တုန်းကတော့ ကူကယ်ရာမဲ့ပြီး ဆောက်တည်ရာမရ ဖြစ်ခဲ့ရတယ်။ နားကြားကိရိယာကို သုံးကြည့်ခဲ့ပေမယ့် ရှင်းရှင်းလင်းလင်း မကြားရဘဲ နာကျင်ရတယ်။ နားကြားကိရိယာကို ချွတ်ပစ်လိုက်တော့မှ လွတ်လပ်သွားတော့တယ်"

ကောင်မလေး၏အမည်မှာ အက်ဗလင် ဂလန်နီ (Everlyn Glennie) ဖြစ်သည်။

အက်ဗလင်သည် စင်မြင့်ပေါ် တက်သည့်အခါတိုင်း ခြေဗလာဖြင့် ရပ်လေ့ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးဖြင့် အသံ၏တုန်ခါမှုကို ခံစားပြီး ကိုယ်ခန္ဓာကို အသုံးပြုကာ တေးဂီတနှင့် အပြန်အလှန်ဆက်သွယ်နိုင်ရန် အတွက်ဖြစ်သည်။ သူမ၏နာမည်ပြောင်မှာ 'ခြေဗလာဖြင့် ဖျော်ဖြေတင်ဆက်သူ' ဖြစ်သည်။ လက်မလျှော့တတ်သော စိတ်အားထက်သန်ပြင်းပြသူ ကောင်မလေး အက်ဗလင်သည် မနက် (၇) နာရီခွဲမှစပြီး ည (၁၀)နာရီ အထိ လေ့ကျင့်လေ့ရှိသည်။ ထမင်းစားချိန်နှင့် သန့်စင်ခန်းသွားချိန်တွင်ပင် တေးဂီတနုတ်တွေကိုပဲ စဉ်းစားနေတတ်သည်။ ဘဝတစ်ခုလုံးက ဂီတ ဖြစ်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးက နားဖြစ်နေပါတော့သည်။

အက်ဗလင်သည် ၁၉၈၂ ခုနှစ်၌ လန်ဒန်တော်ဝင် ဂီတအကယ် ဒမီကျောင်းတွင် ကျောင်းဝင်ခွင့်ရရန် ကြိုးစားခဲ့သည်။ မှန်းထားသည့် အတိုင်းပင် အငြင်းခံခဲ့ရသည်။ 'လန်ဒန်တော်ဝင် ဂီတအကယ်ဒမီကျောင်းက အကြားအာရုံချို့တဲ့သူကို ကျောင်းတက်ခွင့် မပြုပါ'

အငြင်းခံရသော အကြောင်းရင်းမှာ ထင်ရှားလှသည်။ သို့သော် အက်ဗလင်မှာမူ ထိုငြင်းပယ်မှုကို 'လက်မခံ' ပေ။ ကျောင်းမှ မိမိကို အကြားအာရုံချို့တဲ့သူဆိုသည့် အမြင်ဖြင့် မကြည့်ဘဲ ဂီတသမားအဖြစ် ကြည့်ပေးပါဟု ရဲဝံ့စွာ တောင်းဆိုပြီး ကျောင်းဝင်ခွင့်ရခဲ့သည်။ ဆရာများ ၏ ဆန့်ကျင်မှုများအကြား ကမ္ဘာကျော် Marimba ပညာရှင် ပါမောက္ခ Abe Keiko က တပည့်အဖြစ် လက်ခံခဲ့ခြင်းဖြစ်သည်။

သူမ၏ အိပ်မက်အကြောင်း မေးမြန်းသော သတင်းထောက်များကို အက်ဗလင်က တောက်ပသော မျက်ဝန်းတစ်စုံဖြင့် ပြန်ဖြေလေသည်။

"နားထောင်တာကို သင်ကြားပေးတဲ့ စင်တာကို တည်ဆောက်ချင်ပါတယ်။ ဂရုတစိုက် သေချာနားထောင်တယ်ဆိုတာ လုံးဝ ဖြစ်ကတတ်ဆန်းလုပ်လို့ရတဲ့ အရာမဟုတ်လို့ပါ"

သေချာ ဂရုတစိုက် နားထောင်ရန် ခက်ခဲရသော အကြောင်းရင်းမှာ နားကြားနေခြင်းကြောင့် ဖြစ်သည်။ အမြင်အားဖြင့် မှားဟန်ရှိသော်လည်း မှန်ကန်သည့် သဘောတရားပါသော စကားပင် မဟုတ်ပါလော။ နားဖြင့် အားလုံး ကြားနိုင်သည်ဟု တွေးလိုက်သည့်အခါ အာရုံမစိုက်နိုင်တော့ပေ။ အတွေးပေါင်းစုံ ဝင်လာပြီး တစ်ဖက်သား ပြောစကားကို နားလည်ပေးလို စိတ်ဖြင့် နားထောင်ခြင်းမဟုတ်တော့ဘဲ မိမိအတွေးကို ပြောရန်အတွက် နားထောင်လာတော့သည်။

'နှလုံးသားဖြင့် နားဆင်ပါ' စာအုပ်မှတစ်ဆင့် မြန်မာစာဖတ် ပရိသတ်များနှင့် တွေ့ဆုံခွင့်ရသောကြောင့် အလွန်ဝမ်းမြောက်မိပါသည်။

ကျွန်းမာရေးမကောင်းသည့် အမေဖြစ်သူက ချစ်ရသော သားအတွက် နောက်ဆုံး လက်ကျန်ထွက်သက်အထိ တယောကို ပြုလုပ်ပြီး တွေ့ကြုံခဲ့ရသော 'ဂရုတစိုက် နားထောင်ခြင်း'၏ တန်ဖိုးသည် မြန်မာမိတ်ဆွေများ ထံသို့လည်း ပျံ့နှံ့သွားနိုင်ဖို့ မျှော်လင့်မိပါသည်။

ဂျိုရှင်းယောင်း
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ